စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
MOPF
Ministry of Planning and Finance

# “စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် ဝင်ငွေရလမ်း တင်ပြရာတွင် ရရှိသည့် ဝင်ငွေအမျိုးအစားအလိုက် တင်ပြရမည့်အထောက်အထားများ”

## ရည်ရွယ်ချက်

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် အခြေပစ္စည်းများဝယ်ယူခြင်း၊လွှဲပြောင်းရယူခြင်း၊ တည်ဆောက်ခြင်း၊ပြုပြင်ခြင်းစသည်တို့အတွက်လည်းကောင်း၊ ကုမ္ပဏီများ၊ လုပ်ငန်းများတွင် အစုရှယ်ယာများ ထည့်ဝင်ခြင်း၊ အရင်းအနှီးထည့်ဝင်ခြင်းတို့အတွက်လည်းကောင်း အသုံးပြုခဲ့သည့် ငွေကြေးများနှင့် စပ်လျဉ်း၍ စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ် ဝင်ငွေရလမ်းတင်ပြရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းလွယ်ကူစွာသိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

## စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ

၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၄ တွင် “မည်သူမဆို မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်”ဟု ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်အရ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ပါက စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေအပေါ် ဝင်ငွေရလမ်းတင်ပြရမည် ဖြစ်ပါသည်-

(က) “မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ” စသည်တို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ လွှဲပြောင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ရယူခြင်း စသည့်ကိစ္စရပ်များ၊

(ခ) “ငွေအပါအဝင်ဖြစ်သောရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်၊ ရေယာဉ် စသည့်ယာဉ်အမျိုးမျိုး၊ အစုရှယ်ယာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ” စသည်တို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ လွှဲပြောင်းခြင်း၊ ထည့်ဝင်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ရယူခြင်းစသည့်ကိစ္စရပ်များ။

## ဝင်ငွေရလမ်း

၃။ ဝင်ငွေရလမ်းဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် ကုန်ကျခဲ့သောငွေကို မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျရှင်းလင်း တင်ပြနိုင်သည့်ဝင်ငွေ တစ်နည်းအားဖြင့် စုဆောင်းနိုင်ငွေကို ဆိုလိုခြင်း

ဖြစ်ပါသည်။ ဝင်ငွေရလမ်းအဖြစ် လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းငှားရမ်းခ၊ အခြေပစ္စည်းမှမြတ်စွန်းငွေနှင့် အခြားရလမ်းများမှ ဝင်ငွေခေါင်းစဉ်များဖြင့် ကျသင့်ဝင်ငွေခွန်ထမ်းဆောင်ပြီးသည့် ဝင်ငွေများဖြင့်လည်းကောင်း၊ အောင်ဘာလေသိန်းဆု ထီပေါက်၍ ထုတ်ယူရရှိငွေ၊ အမွေရငွေ၊ ဘဏ်ချေးငွေနှင့် အမြတ်ဝေစုခွဲဝေရရှိခြင်းအပါအဝင် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားသည့် ဝင်ငွေများဖြင့်လည်းကောင်း တင်ပြနိုင်ပါသည်။

**စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေခေါင်းစဉ်ဖြင့် ဝင်ငွေခွန်စည်းကြပ်ခံရာတွင် တင်ပြရမည့် အထောက်အထားများ**

၄။ အခြေပစ္စည်းအမျိုးအစားနှင့် အခြေအနေများအလိုက် အောက်ဖော်ပြပါအတိုင်း အထောက်အထားမူရင်း/ မိတ္တူများကို တင်ပြရမည်ဖြစ်ပါသည်–

(က) မြေ၊ အိမ်၊ ခြံ၊ အဆောက်အအုံနှင့် တိုက်ခန်းစသည်တို့ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ လွှဲပြောင်းရယူခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ရယူခြင်းအတွက် –

- ရောင်းသူနှင့်ဝယ်သူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊
- ရောင်းသူနှင့်ဝယ်သူ၏ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ–၆၆/၆)၊
- ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆၊
- အရောင်းအဝယ်စာချုပ်၊
- မြေရာဇဝင်ပုံစံ –၁၀၅/၁၀၆၊
- မြေငှားဂရန်စာချုပ်/ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ၊
- သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ တည်ဆောက်မိန့်၊
- သက်ဆိုင်ရာအင်ဂျင်နီယာမှ လက်မှတ်ရေးထိုးထားသည့် တည်ဆောက်မှုပုံစံနှင့် Estimate တွက်ချက်မှု၊
- မြေ/အဆောက်အအုံ၏ ဓာတ်ပုံ(ရှေ့၊ နောက်၊ ဘေး ၂ဖက်)။

( ခ ) မော်တော်ယာဉ်/ ရေယာဉ်စသည့် ယာဉ်အမျိုးမျိုးဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ လွှဲပြောင်းရယူခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ရယူခြင်းအတွက်–

- နိုင်ငံသားစိစစ်ရေးကတ်ပြား၊
- အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ–၆၆/၆)၊
- အရောင်းအဝယ်စာချုပ်၊
- Owner Book (မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်)၊

- Certificate of Vehicle Registration (ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်)၊
- ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသည့် ရေယာဉ်တည်ဆောက်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်ဖော်ပြမှုပုံစံ။

( ဂ ) အစုရှယ်ယာထည့်ဝင်ခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းရယူခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ရယူခြင်းအတွက် –
- နိုင်ငံသားစိစစ်ရေးကတ်ပြား၊
- အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ–၆၆/၆)၊
- သက်ဆိုင်ရာ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊
- သက်ဆိုင်ရာကုမ္ပဏီ၏ Extract Form၊
- အစုရှယ်ရာလွှဲပြောင်း/ရောင်းချသည့် စာချုပ်အထောက်အထား၊
- ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း

(ဃ) ကုမ္ပဏီအဖွဲ့အစည်း/ ဖက်စပ်လုပ်ငန်းများ လုပ်ငန်းလည်ပတ်ရာတွင် လိုအပ်သဖြင့် ခေတ္တစိုက်ထုတ်ငွေထည့်ဝင်ခြင်းအတွက် –
- ခေတ္တစိုက်ထုတ်ငွေကို မည်ကဲ့သို့ထည့်ဝင်ခဲ့သည့် အထောက်အထား (ဥပမာ– ချက်လက်မှတ်ဖြင့် ပေးချေခြင်းဖြစ်ပါက မည်သည့်ဘဏ်ခွဲမှ မည်သည့်ချက်လက်မှတ်နံပါတ်ဖြင့် မည်သည့်ရက်တွင် မည်သူ့ထံမှ ငွေမည်မျှပေးချေခဲ့သည်။ ဘဏ်မှစာရင်းလွှဲပြောင်းပေးချေခဲ့ပါက မည်သည့်ဘဏ်ခွဲ၊ မည်သည့်ငွေစာရင်းအမှတ်မှ မည်သည့်ငွေစာရင်းအမှတ်သို့ မည်သည့်နေ့ရက်တွင် ငွေမည်မျှပေးချေခဲ့သည် စသည်ဖြင့် )

**ဝင်ငွေရလမ်း တင်ပြခြင်း**

၅။ အပိုဒ်(၄)ပါကိစ္စရပ်များ ဆောင်ရွက်ခြင်းအတွက် ဝင်ငွေရလမ်းတင်ပြခြင်းကို အောက်ပါ အထောက်အထား၊ စာရွက်စာတမ်း မူရင်း/မိတ္တူ များဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်–

(က) လစာဝင်ငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းအတွက် –

( ၁ ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်ပါက –
- ၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့ မတိုင်မီကာလဖြစ်ပါက သက်ဆိုင်ရာ ငွေထုတ်သူအရာရှိက တာဝန်ခံလက်မှတ် ရေးထိုးထားသည့် နှစ်အလိုက်လစာစာရင်း (မူရင်း)၊
- ၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့ နောက်ပိုင်းကာလဖြစ်ပါက သက်ဆိုင်ရာ နှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ထုတ်ပေး

သည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားပုံစံ(ပတခ(ဝင)-၃၀) (မူရင်း)။

( ၂ ) စည်းကြပ်ထိုက်သည့် လစာဝင်ငွေရရှိသူဝန်ထမ်းဖြစ်ပါက -

- လစာမှ ဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်မှု မှတ်တမ်းစာအုပ်(မူရင်း) (သို့မဟုတ်) နှစ်အလိုက် အခွန်ထမ်းဆောင်ထားကြောင်း ထောက်ခံချက် (သို့မဟုတ်) အခွန်ငွေစည်းကြပ်တောင်းခံလွှာ (သို့မဟုတ်) လစာဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ် ပတခ(ဝင)-၁၅(က)။

( ၃ ) ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူဖြစ်ပါက -

- မြန်မာနိုင်ငံမှ တရားဝင်ထွက်ခွာခြင်း၊ ပြန်လည်ဝင်ရောက်ခြင်းတို့အတွက် နိုင်ငံကူးလက်မှတ်(မိတ္တူ)၊
- လစာဝင်ငွေရရှိသည့် အထောက်အထား(မူရင်း) (သို့မဟုတ်) အခွန်ထမ်းဆောင်ထားသည့် အထောက်အထား(မူရင်း)၊
- ပြည်ပတွင် အလုပ်လုပ်သည့်ကာလဆိုင်ရာ အထောက်အထား(မူရင်း)၊
- ပြည်ပတွင် အလုပ်လုပ်ကိုင်သည့် ဆိုင်ရာကုမ္ပဏီက တရားဝင်ထုတ်ပေးသည့် လစာထုတ်ပေးမှုမှတ်တမ်း၊
- ဘဏ် သို့မဟုတ် တရားဝင်ငွေလွှဲခွင့်လိုင်စင် (Remittance Business Licenses)ရရှိထားသည့် လုပ်ငန်းမှတစ်ဆင့် ငွေလွှဲပို့မှုမှတ်တမ်း သို့မဟုတ် တရားဝင် ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့် Money Exchange Counter များတွင် ငွေလဲလှယ်မှုအထောက်အထားများနှင့် လေဆိပ်တွင် ကြေညာထားသည့် အထောက်အထား။

( ခ ) စီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေဖြင့် ဝင်ငွေရလမ်းအဖြစ် တင်ပြခြင်းဖြစ်ပါက -

- သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက စည်းကြပ်နှစ်အလိုက် ထုတ်ပေးထားသည့် အခွန်စည်းကြပ်တောင်းခံလွှာ ပတခ(ဝင)၀၄-၀၈ (မူရင်း)နှင့်ကျသင့်အခွန်ပေးဆောင်ထားသည့် ငွေသွင်းချလန်(မူရင်း) အထောက်အထားများ၊
- ကျသင့်အခွန်ကို ပေးဆောင်ပြီးကြောင်း ငွေသွင်းချလန်အား တင်ပြနိုင်ခြင်းမရှိပါက သက်ဆိုင်ရာအခွန်ရုံး၏ မှတ်တမ်းများအရ အခွန်ကြွေးကျန်မရှိကြောင်း သို့မဟုတ် ကျသင့်အခွန်ကို ပေးသွင်းပြီးကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသောထောက်ခံချက်။

( ဂ ) အမြတ်ဝေစုခွဲဝေရငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်ပါက –

- ကုမ္ပဏီ၏ အမြတ်ဝေစုခွဲဝေခြင်းဆိုင်ရာ ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်း၊
- နှစ်ချုပ်စာရင်း၊
- အစုထည့်ဝင်ပိုင်ဆိုင်မှုအထောက်အထား (ကုမ္ပဏီ၏ Extract Form)၊
- ကုမ္ပဏီမှ ထုတ်ပေးသည့်အမြတ်ဝေစုခွဲဝေမှုဆိုင်ရာ သက်သေခံအထောက်အထား သို့မဟုတ် လက်မှတ်၊
- အမြတ်ဝေစုအဖြစ် ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုရယူခဲ့သည့် အထောက်အထား (ချက်လက်မှတ်မိတ္တူ၊ ငွေစာရင်းစာအုပ်မှတ်တမ်းများ)၊
- အမြတ်ဝေစု ထုတ်ယူခဲ့မှုနှင့်သက်ဆိုင်သည့် စာရင်းရေးသွင်းချက်မှတ်တမ်းများနှင့်အတူ ကုမ္ပဏီကို အခွန်စည်းကြပ်ရာရုံးမှ ထုတ်ပေးထားသည့် ဝင်ငွေရလမ်းတင်ပြသည့် အမြတ်ဝေစုထုတ်ယူခဲ့သည့်နှစ်အတွက် အခွန်စည်းကြပ်တောင်းခံလွှာ ပတခ (ဝင)၀၄–၀၈ (မူရင်း) သို့မဟုတ် SAS စနစ်အရ အခွန်စည်းကြပ်မှု ပတခ(ဝင)၀၄–၀၁ (မူရင်း) နှင့် ငွေသွင်းချလန် (မူရင်း)။

(ဃ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်ပါက –

- အခြေပစ္စည်း (မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မ–တည်ပစ္စည်းများအပါအဝင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များနှင့် ယင်းတို့ကဲ့သို့သော အလားတူစာချုပ်စာတမ်းများ) ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း (သို့မဟုတ်) လွှဲပြောင်းခြင်းပြုလုပ်၍ ရရှိသည့် မြတ်စွန်းငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများမှရရှိကြောင်း အထောက်အထားများ၊
- အခွန်စည်းကြပ်တောင်းခံလွှာ ပတခ(ဝင)၀၄–၀၈ (မူရင်း) သို့မဟုတ် SAS စနစ်အရ အခွန်စည်းကြပ်မှု ပတခ(ဝင)၀၄–၀၁(မူရင်း)၊
- ငွေသွင်းချလန်(မူရင်း)။

( င ) အောင်ဘာလေသိန်းဆုထီပေါက်၍ ထုတ်ယူရရှိငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်း ဖြစ်ပါက–

- အောင်ဘာလေသိန်းဆုထီပေါက်သည့်အကြိမ်၊ ဆုမဲနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့် အောင်ဘာလေသိန်းဆုဌာနခွဲ (ရန်ကုန်/ မန္တလေး) မှ ထုတ်ပေးသည့် ထီဆုငွေထုတ်ယူခဲ့သည့် အထောက်အထားများ၊
- အခြားသူ၏ ထီဆုငွေထုတ်ယူထားသည့်အထောက်အထားဖြင့် ဝင်ငွေရလမ်း တင်ပြလာပါက တော်စပ်မှု၊ အမွေဆက်ခံသူ(မူရင်း)အထောက်အထားများ။

( စ ) အမွေရငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်ပါက–

- မိဘအုပ်ထိန်းသူများထံမှ အမွေရရှိကြောင်းတင်ပြလျှင် တရားဝင်စာချုပ်/စာတမ်းဖြင့် ခွဲဝေပေးကမ်းထားသည့် အထောက်အထားများ၊
- အမွေဆက်ခံသူတစ်ဦးထက်ပိုပါက တရားရုံးဆုံးဖြတ်ချက်နှင့်အညီ ခွဲဝေပေးကမ်း ထားသည့် အထောက်အထားများ။

(ဆ) ဘဏ်ချေးငွေဖြင့် ဝင်ငွေရလမ်းတင်ပြခြင်း (စီးပွားရေးလုပ်ငန်းများကို စတင်ရင်းနှီး မြှုပ်နှံခြင်းနှင့် လုပ်ငန်းတိုးချဲ့ခြင်းများအတွက်သာ)ဖြစ်ပါက–

- ချေးငွေကို မည်သည့်လုပ်ငန်း/ ရည်ရွယ်ချက်အတွက် ရယူထားသည့် သက်ဆိုင်ရာ ဘဏ်မှ အထောက်အထားများ၊
- သက်ဆိုင်ရာဘဏ်မှ ချေးငွေထုတ်ယူသည့်ရက်စွဲ၊ ချေးငွေပမာဏ၊ ပြန်လည်စတင် ပေးဆပ်ရမည့်ရက် နှင့် အတိုးနှုန်း၊
- အပေါင်ပစ္စည်းပေးအပ်၍ ချေးငွေရယူခဲ့ခြင်းဖြစ်ပါက ပေးအပ်သည့်အပေါင်ပစ္စည်း၏ ပိုင်ဆိုင်ကြောင်းအထောက်အထား၊
- သက်ဆိုင်ရာဘဏ်သို့ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရမည့် စာချုပ် စာတမ်းအထောက်အထား/ ဝန်ခံကတိပြုလွှာ။

( ဇ ) အခြားကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေအမျိုးအစားများမှ ဝင်ငွေရလမ်းတင်ပြခြင်းဖြစ်ပါက –

- မိမိတင်ပြလိုသည့် ကင်းလွတ်ခွင့်ရရှိသော ဝင်ငွေအမျိုးအစားတစ်ခုချင်းစီအလိုက် ရရှိ သည့် သက်သေခံအထောက်အထားများ၊
- ပင်စင်ခံစားခွင့်ပြုသည့် သက်သေအထောက်အထားများ၊
- ဘွဲ့ထူးဂုဏ်ထူးများမှ ရရှိခြင်းဖြစ်ပါက ဘွဲ့ထူးဂုဏ်ထူးနှင့်အတူ ချီးမြှင့်သည့်လက်မှတ်၊
- တရားမဝင်ပစ္စည်းများဖမ်းဆီးရရှိမှုနှင့် ရှေးဟောင်းပစ္စည်းများတွေ့ရှိမှုမှ ဂုဏ်ပြု ချီးမြှင့်ငွေနှင့်အတူ ပေးအပ်သည့်အထောက်အထားများ။

**အထွေထွေ**

၆။ အခွန်ထမ်းများအနေဖြင့် ကျသင့်ဝင်ငွေခွန်ထမ်းဆောင်ခြင်းမပြုရသေးသည့် ဝင်ငွေဖြင့် ဝင်ငွေရ လမ်းတင်ပြပါက အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရပါမည် –

(က) တရားဝင်လုပ်ငန်းအမျိုးမျိုးဆောင်ရွက်ခဲ့သည့် လုပ်ငန်းအမျိုးအစားအတွက် စည်းကြပ်နှစ် အလိုက် ဆိုင်ရာအခွန်နှုန်းများဖြင့် ပြန်လည်စည်းကြပ်မှုခံယူရပါမည်၊

( ခ ) ဝယ်ယူမှုအတွက် အခွန်ထမ်းဆောင်ပြီးဖြစ်သည့် မြေ၊ အိမ်၊ ခြံ၊ မော်တော်ယာဉ် အစရှိသည့် အခြေပစ္စည်းများရောင်းချထားသော်လည်း အခွန်ထမ်းဆောင်ရခြင်းမရှိသေးပါက ကာလ

တန်ဖိုးစိစစ်သတ်မှတ်ခံယူပြီး အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ခံယူရပါမည်။

၇။ အခြေပစ္စည်းများဖြစ်သည့် မြေ၊ အိမ်၊ အဆောက်အဦ၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့် အစုရှယ်ယာများကို ဝယ်ယူ/ရောင်းချရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ်– ၄၃/၂၀၂၁ နှင့်အညီ ဘဏ်စနစ်အသုံးပြု၍ ဆောင်ရွက်ထားမှုအခြေအနေအား စိစစ်နိုင်ရန်အတွက် ဘဏ်စနစ်အသုံးပြုငွေပေးချေမှုနည်းလမ်းအလိုက် သက်ဆိုင်ရာ ဘဏ်၊ ဘဏ်ခွဲအမည်ပါဝင်သော ငွေပေးသွင်းပြီးကြောင်း စာရွက်စာတမ်းအထောက်အထားများအား တင်ပြရမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး ( ရန်ကုန် ) အမှတ်– ၁၂၈/ ၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ၊ ကျောက်တံတားမြို့နယ်၊ ဖုန်း–၀၁–၈၃၈၉၃၁၁၊ ၀၁–၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်–၄၆၊ ဖုန်း– ၀၆၇–၃၄၃၀၅၂၂၊၀၆၇–၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း–၀၂–၄၀၃၀၁၉၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင် နှင့် ပုံစံများကိုလည်း Download ရယူနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန